[illegible]
**Karenni Civil Society Network**
P.O. Box - 100, Mae Hong Son, 58000, Thailand
Phone: 06 5329 7814, E-mail:kcsn2010@gmail.com

ဇူလိုင်လ ၄ ရက်၊ ၂၀၂၅ ခုနှစ်


## ကရင်နီလူမှုအသင်းအဖွဲ့များကွန်ရက်၏ တစ်လတစ်ကြိမ် အခြေအနေ တင်ပြချက်၊ ဇွန်လ ၁-၃၀ ရက်နေ့ထိ၊၂၀၂၅ ခုနှစ်

## ကရင်နီပြည်နယ်နှင့် ဖယ်ခုံမြို့နယ် အတွင်း စစ်ကောင်စီ၏ ချိုးဖောက်မှုများ အကျဉ်း

| စဉ် | | ဖေဖော်ဝါရီလ ၁ရက်၊ ၂၀၂၁ – မေလ ၃၁ရက်၊ ၂၀၂၅ | ဇွန်လ ၁ – ၃၀ရက်၊ ၂၀၂၅ | စုစုပေါင်း |
|---|---|---|---|---|
| ၁ | အရပ်သားများ သတ်ဖြတ်ခံရခြင်း | ၆၂၇ | ၉ | ၆၃၆ |
| ၂ | အရပ်သားများ ဖမ်းဆီးခံရခြင်း | ၅၇၄ | | ၅၇၄ |
| ၃ | အရပ်သားများ ထိခိုက်ဒဏ်ရာရခြင်း | ၇၉၇ | ၅၄ | ၈၅၁ |
| ၄ | အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများ | | | |
| | လွိုင်ကော်မြို့နယ် | ၁၅၇၄ | | ၁၅၇၄ |
| | ဒီးမော့ဆိုမြို့နယ် | ၆၆၃ | ၂ | ၆၆၅ |
| | မယ်စဲ့မြို့နယ် | ၃၄ | | ၃၄ |
| | ဖယ်ခုံမြို့နယ် | ၆၉၀ | ၄၃ | ၇၃၃ |
| | ဖရူဆိုမြို့နယ် | ၁၅၇ | | ၁၅၇ |
| | ဘောလခဲမြို့နယ် | ၃၄ | | ၃၄ |
| | ရှားတောမြို့နယ် | ၅၆ | | ၅၆ |
| | ဖားဆောင်းမြို့နယ် | ၁၄၂ | ၂၀ | ၁၆၂ |

| ထွက်ပြေးတိမ်းရှောင်မှုများအကျဉ်း | | | | |
|---|---|---|---|---|
| စဉ် | မြို့နယ် | ခန့်မှန်းဦးရေ မေလ ၃၁ ရက်နေ့ အထိ ၂၀၂၅ | IDPs အသစ်  ဇွန်လ ၁–၃၀ ရက်၊ ၂၀၂၄ ခုနှစ် | စုစုပေါင်း ထွက်ပြေးတိမ်းရှောင်မှုများ |
| ၁ | လွိုင်ကော် | ၉၂၃၁၁ | | ၉၂၃၁၁ |
| ၂ | ဒီးမော့ဆို | ၈၃၂၆၅ | | ၈၃၂၆၅ |
| ၃ | ဖရူဆို | ၁၄၄၀၃ | | ၁၄၄၀၃ |
| ၄ | ဖါးဆောင်း | ၂၄၀၀၀ | | ၂၄၀၀၀ |
| ၅ | ဖယ်ခုံ | ၅၆၀၀၀ | | ၅၆၀၀၀ |
| ၆ | ရှားတော | ၂၃၉၅ | | ၂၃၉၅ |
| ၇ | မယ်စဲ့ | ၅၀၀၀ | | ၅၀၀၀ |
| ၈ | ဘောလခဲ | ၅၂၄၁ | | ၅၂၄၁ |
| | စုစုပေါင်း | ၂၈၂၆၁၅ | | ၂၈၂၆၁၅ |

## စကစ စစ်ဆင်ရေးနှင့် ချိုးဖေါက်မှုများပြုလုပ်သည့်နေရာ၊ ဇွန်လ၁-၃၀ ရက်နေ့ထိ၊၂၀၂၅ ခုနှစ်



**စစ်ကောင်စီ၏ လေကြောင်းနှင့် မပြေပြင်လက်နက်ကြီးများပစ်ခတ်မှုတို့ကြောင့် ဖယ်ခုံ၊ ဖရူဆို၊ လွိုင်ကော်နှင့် ဖားဆောင်းမြို့တို့တွင် အရပ်သား၉ဦး သေဆုံးကာ ၅၄ဦး ထိခိုက်ဒဏ်ရာရရှိ**

ဇွန်လအတွင်း စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှု၊ လက်နက်သေး/ ကြီးပစ်ခတ်မှုများကြောင့် အရပ်သား ၉ ဦး သေဆုံးကာ ဖယ်ခုံ၊ ဖရူဆို၊ လွိုင်ကော်နှင့် ဖားဆောင်းမြို့နယ်များတွင် လူငါးဆယ့်လေးဦး ဒဏ်ရာရရှိခဲ့သည်။ စစ်ကောင်စီ နှင့် မဟာမိတ် ပြည်သူ့စစ်(pno) တပ်ဖွဲ့ဝင် ၅၀၀ ခန့်တို့ ပူးပေါင်းကာ ဖယ်ခုံအင်းအရှေ့ဘက် တောင်ဘက်သို့ ချီတက်လာရာ လမ်းတစ်လျှောက်တွင် ပစ်ခတ်မှုအများဆုံးဖြစ်ပြီး ဒေသခံအိမ်များကို မီးရှို့ဖျက်ဆီးခြင်းလည်း ပြုလုပ်ခဲ့သည်။ စစ်ကောင်စီသည် တိုက်ပွဲများ ဖြစ်ပွားခြင်းမရှိသည့် မော်ချီးသတ္တုတွင်းဒေသကို ဇွန်လ ၂၅ ရက်တွင် လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ရာ အရပ်သားခုနစ်ဦးသေဆုံးခဲ့ပြီး လေးဆယ်ကျော် ဒဏ်ရာရရှိခဲ့သည်။

ဇွန်လ ၆ရက်၊ နံနက် ၉နာရီခွဲအချိန် ဖယ်ခုံမြို့ အရှေ့ဘက်ကမ်းရှိကျေးရွာများကို စစ်ကောင်စီနှင့် ပြည်သူ့စစ် (pno) စစ်ကြောင်းထိုးလာနေချိန်တွင် လက်နက်ကြီး၄လုံး ပစ်ခတ်ခဲ့ခြင်းကြောင့် နန်းပေါ်လုံကျေးရွာတွင် နေထိုင်သော အသက် ၁၉နှစ်အရွယ် ကျောင်းသားတစ်ဦး စာကြည့်နေစဉ်တွင်း လက်နက်ကြီးထိမှန်သေဆုံးခဲ့ပြီး နေအိမ်၄လုံး ပျက်စီးခဲ့သည်။

ဇွန်လ ၇ရက်၊ ည ၇နာရီဝန်းကျင်ချိန် ဖယ်ခုံမြို့ အရှေ့ဘက်ကမ်းဒေါပေါ်ကူးရွာကို ဖယ်ခုံအခြေစိုက် ခမရ ၄၂၂တပ်မှ ပစ်ခတ်လိုက်သော လက်နက်ကြီးကြောင့် အသက်၇နှစ်အရွယ် ကျောင်းသားတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး နေအိမ် ၄လုံးပျက်စီးခဲ့သည်။

ဇွန်လ ၉ရက်၊ ည ၁၀နာရီအချိန် ဖယ်ခုံမြို့ အရှေ့ဘက်ကမ်းရှိကျေးရွာများကို ဖယ်ခုံအခြေစိုက် စစ်ကောင်စီတပ်မှ လက်နက်ကြီးများရမ်းသမ်း ပစ်ခတ်ခြင်းကြောင့် လဟယ်စံပြကျေးရွာနေ အသက်၁၀နှစ်အရွယ် ယောကျ်ားလေးနှင့် ၃၄နှစ်အရွယ် အမျိုးသားတစ်ဦးထိခိုက်ဒဏ်ရာရရှိကာ နေအိမ် နှစ်လုံးပျက်စီးခဲ့သည်။

ထိုတစ်ရက်ထဲတွင် ဆောင်းနန်းခဲကျေးရွာရှိ ကယန်းပြည်သစ်ပါတီ (KNLP) ဂိတ်ကို စစ်ကောင်းစီနှင့် ပြည်သူ့စစ် (pno)တို့ ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ရာ KNLP စစ်သား ၂ ဦး ဒဏ်ရာရပြီး တစ်ဦး သေဆုံးခဲ့သည်။

ဇွန်လ ၁၀ရက်၊ မနက် ၈နာရီခွဲအချိန် ဖရူဆိုမြို့နယ် ထီးကလူးဒေါကျေးရွာတွင်နေထိုင်သော ရွာသားသုံးဦး နေအိမ်ပြန်လာကြည့်ချိန်တွင် ကင်းရှည်ယူထားသော စစ်ကောင်စီတပ်သား၏ လိုက်လံပစ်ခတ်မှုခံခဲ့ရပြီး နှစ်ဦး ပြင်ထန်ထိခိုက်ဒဏ်ရာရရှိကာ ကျန်တစ်ဦးမှာ ပျောက်ဆုံးနေခဲ့သည်။

ဇွန်လ ၁၄ရက်၊ မွန်းလွဲ ၂နာရီကျော်အချိန် ဒီမော့ဆိုမြို့နယ် နန်းမယ်ခုံရှိ ကျေးရွာတစ်ရွာကို စစ်ကောင်စီ၏ ဒီးမော့ဆိုအခြေစိုက် ခမရ၄၂၇တပ်မှ လက်နက်ကြီးနှစ်လုံး ပစ်ခတ်ခဲ့ခြင်းကြောင့် နေအိမ် တစ်လုံးနှင့် ကျောင်းဆောင်တချို့ ထိခိုက်ပျက်စီးခဲ့သည်။

ထိုတစ်ရက်ထဲတွင် စစ်ကောင်စီ၏ မိုးဗြဲအခြေစိုက် ခမရ ၄၂၂တပ်မှ မိုးဗြဲမြို့အနောက်ဘက်ခြမ်းရှိ ကျေးရွာတစ်ရွာကို လက်နက်ကြီး ၇လုံးပစ်ခတ်ခဲ့ခြင်းကြောင့် အမျိုးသားနှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး နေအိမ်တစ်လုံးလည်း ပျက်စီးခဲ့သည်။

ဇွန်လ ၁၆ရက်၊ မနက် ၁၁နာရီဝန်းကျင်အချိန် ဖယ်ခုံမြို့နယ်၊ အနောက်ဘက်ခြမ်းရှိ လအိကျေးရွာဘက်သို့ ဖယ်ခုံအခြေစိုက် ခမရ ၃၃၆တပ်မှ ၁၂၀-မမ လက်နက်ကြီးများပစ်ခတ်ခဲ့ပြီး ရွာတွင်းရှိ ပရဟိတဘုန်းတော်ကြီးအသင်း ပညာရေးကျောင်းကို စစ်ကောင်စီနှင့် ပြည်သူ့စစ်(pno)တပ်တို့က အသေခံဒရုန်း နှစ်စင်းဖြင့် တိုက်ခိုက်ခဲ့သောကြောင့် ကျောင်းသူတစ်ဦး၊ ကျောင်းသားနှစ်ဦး စုစုပေါင်း၃ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ပြီး ကျောင်းတွင်းပရဝဏ်များ ပျက်စီးခဲ့သည်။

ဇွန်လ ၂၂ရက်၊ ညနေ ၅နာရီခွဲအချိန် လွိုင်လင်လေးမြို့အခြေစိုက် ခလရ ၅၃၀တပ်မှ ၆၀-မမ ၅လုံးပစ်ခတ်ခဲ့ခြင်းကြောင့် မြို့၏ အရှေ့ဘက်ရှိကျေးရွာတစ်ရွာအတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့ပြီး အသက် ၁၈နှစ်နှင့် ၁၄နှစ် အမျိုးသားနှစ်ဦး၊ အသက်၃၆နှစ်နှင့် ၁၉နှစ်အမျိုးသမီးနှစ်ဦး စုစုပေါင်း၄ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဇွန်လ ၂၃ရက်၊ မနက် ၁၁နာရီမှစ၍ မိုးဗြဲနှင့် ဖယ်ခုံအခြေစိုက် စစ်ကောင်စီတပ်များသည် မိုးဗြဲမြို့နှင့် ဖယ်ခုံအရှေ့ဘက်ကမ်းရှိ ကျေးရွာများကို လက်နက်ကြီးအလုံး ၃၀ထက်မနည်း ရမ်းသမ်းပစ်ခတ်တိုက်ခိုက် ခဲ့ခြင်းကြောင့်နေအိမ်ထိခိုက် ပျက်စီးမှုများရှိခဲ့သည်။

ဇွန်လ ၂၄ရက်၊ တိုက်ပွဲပြင်းထန်နေသော ဖယ်ခုံအရှေ့ဘက်ကမ်းကို စစ်ကောင်စီမှ လက်နက်ကြီးများပစ်ခတ်ခြင်းနှင့် လေကြောင်းဖြင့်ဗုံးကြဲတိုက်ခိုက်ခြင်းများပြုလုပ်ခဲ့ပြီး ဆောင်နန်းခဲကျေးရွာရှိ နေအိမ်အလုံး၃၀ကျော်ကို စစ်ကောင်စီနှင့် ပြည်သူ့စစ် (pno)များက မီးရှို့ပျက်စီခဲ့သည်။

ဇွန်လ ၂၅ရက်၊ နေ့လည် ၁၁နာရီဝန်းကျင်အချိန် တိုက်ပွဲဖြစ်ပွားခြင်းမရှိသော ဖားဆောင်းမြို့နယ်၊ မော်ချီးဒေသကို စစ်ကောင်စီမှ ကင်းထောက်လေယာဉ်ပျံဝဲပြီး ၁၅မိနစ်အကြာတွင် ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းကြောင့် အမျိုးသား ၇ဦးသေဆုံးခဲ့ပြီး ၄၀ကျော်ထိခိုက်ဒဏ်ရာရရှိကာ နေအိမ် ၂၀ကျော်ထိခိုက်ပျက်စီးခဲ့သည်။

ဇွန်လ ၂၉ ရက်၊ ညနေ ၃နာရီဝန်းကျင်အချိန် ခမရ ၄၂၂ တပ်မှ လက်နက်ကြီးနှစ်လုံးပစ်ခတ်ခဲ့ခြင်းကြောင့် မိုးဗြဲမြို့ပေါ် မြို့မရပ်ကွက်ရှိ နေအိမ်ကို ပြန်ကြည့်သောအသက်၆၀အရွယ်အမျိုးသမီးတစ်ဦး လက်နက်ကြီးစ ထိမှန်သေဆုံးပြီး နေအိမ်တစ်လုံးထိခိုက်ပျက်စီးခဲ့သည်။

**contact persons:**
Khu Ko Reh Tel: +66 65 329 7814
Maw Thue Myar Tel: +66 63 608 3153
Website : www.karennicsn.org
Facebook: https://www.facebook.com/kcsnengbur
Email: kcsn2010@gmail.com